**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**
**သူနာပြုတက္ကသိုလ်၊ ရန်ကုန်**

စကားပြောကြေးနန်း
ပါမောက္ခချုပ် -၀၁ - ၂၂၂၂၅၈
ရုံး (ပင်မ) ၀၁ - ၂၂၂၈၈၃
၀၁ - ၂၂၂၈၈၄
၀၁ - ၂၂၂၈၈၅
၀၁ - ၂၂၂၈၉၉
ရုံး (တိုးချဲ့) ၀၁ - ၂၂၈၂၀၅


# သူနာပြုပါရဂူဘွဲ့သင်တန်းအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၄ ပညာသင်နှစ်အတွက် သူနာပြုတက္ကသိုလ်၊ ရန်ကုန်၌ ဖွင့်လှစ်မည့် သူနာပြုပါရဂူဘွဲ့သင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းသူနာပြုများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**သူနာပြုပါရဂူဘွဲ့သင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သူနာပြုပါရဂူဘွဲ့ ( Ph.D(Nursing) ) | ၃နှစ် |

၂။ **လိုအပ်သောအရည်အချင်း**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) သူနာပြုမဟာသိပ္ပံဘွဲ့ ရရှိထားသူ ( သို့မဟုတ် ) မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီမှ အသိအမှတ်ပြုထားသော အလားတူ ဘွဲ့ရရှိထားသူဖြစ်ရမည်။

( ဂ ) လက်ရှိနိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး ဝင်ခွင့်လျှောက်လွှာပိတ်သည့်ရက်တွင် သူနာပြုမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံးလုပ်သက်(၂)နှစ်ရှိသူ ဖြစ်ရမည်။

(ဃ) နိုင်ငံခြားမှ မိမိအစီအစဉ်ဖြင့် ဘွဲ့လွန်ရရှိပြီးမှ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ပြီး ပါရဂူဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားလာပါက ဝင်ခွင့်လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်းလုပ်သက်(၄)နှစ်ရှိရမည်။

( င ) ဝင်ခွင့်လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၂)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

( စ ) ပါရဂူဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန် ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ ဝင်ခွင့်လျှောက်လွှာပိတ်ရက်မှာ (၄-၈-၂၀၂၃ ) ရက် (သောကြာနေ့) ဖြစ်ပါသည်။

၄။ ဝင်ခွင့်လျှောက်လွှာကို သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ ဦးဆောင်ညွှန်ကြားရေးမှူး ) မှတဆင့် လျှောက်ထားရမည်ဖြစ်ပြီး လျှောက်ထားခြင်းမရှိသည့် ဝင်ခွင့်လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော လျှောက်လွှာများအား လုံးဝထည့်သွင်းစဉ်းစားခြင်း မပြုပါ။

၅။ ကြိုတင်မိတ္တူကို ငွေသွင်းချလံမူရင်းနှင့်တကွ ပါမောက္ခချုပ်၊ သူနာပြုတက္ကသိုလ်၊ ရန်ကုန်သို့ မပျက်မကွက် ပေးပို့လျှောက်ထားရမည်။

၆။ ဝင်ခွင့်ရေးဖြေစာမေးပွဲ ဖြေဆိုမည့်ရက်မှာ (၅-၁၀-၂၀၂၃)ရက် (ကြာသပတေးနေ့)၊ နေ့လယ်(၁)နာရီမှ (၄)နာရီအထိ ဖြစ်ပါသည်။

၇။ ဘွဲ့လွန်ဆေးပညာသင်တန်း ဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်း မပြုသော်လည်း သင်တန်းတက်ရောက်နေစဉ် ကာလအတွင်း တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ် ကျွမ်းကျင်မှု အရည်အချင်းစစ် စာမေးပွဲ(၂)နာရီ မေးခွန်းကို ဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရ အောင်စာရင်း ကို ထုတ်ပေးမည်။

၈။ သူနာပြုပါရဂူသင်တန်း ဝင်ခွင့်လျှောက်ထားသူများသည် သင်တန်းဝင်ခွင့် စာမေးပွဲကြေးကျပ် ၁၀၀၀၀/- ( ကျပ်တစ်သောင်းတိတိ ) ကို သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ လသာမြို့နယ်၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၁၈၉၀ သို့ ပေးသွင်းရမည်။

(မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅) ကမ်းနားလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့ရှိ သူနာပြုတက္ကသိုလ်၊ ရန်ကုန် ငွေစာရင်း အမှတ် MD-၀၁၁၈၉၀ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၉။ သင်တန်းကိုတက်ရောက်ရန်ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန်ပျက်ကွက်လျှင် နောင်ပညာသင် နှစ် (၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၀။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ရောက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက် ရောက်လျှင်ဖြစ်စေ၊ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)သင်တန်းကို ပြီးဆုံးအောင်မတက် ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ၊ သတ်မှတ်ထားသောလျော်ကြေးကိုပေးလျော်ရမည်။

၁၁။ ဝင်ခွင့်လျှောက်လွှာခေါ်ယူသည့် ကြေညာချက် အပြည့်အစုံနှင့် အသေးစိတ် အချက်အလက်များကို သူနာပြုတက္ကသိုလ်၊ ရန်ကုန်၏ စာမေးပွဲရေးရာဌာနစိတ် ၊ ဖုန်းနံပါတ် ၊ ၀၁-၂၂၂၈၈၃ ၊ ၀၁-၂၂၂၈၈၄ ၊ ၀၁-၂၂၂၈၈၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ ( သို့မဟုတ် ) သူနာပြုတက္ကသိုလ်၊ ရန်ကုန် ၏ Website (www.uonygn.gov. mm) တွင် ဝင်ရောက်ကြည့်ရှု နိုင်ပါသည်။

သူနာပြုတက္ကသိုလ်၊ ရန်ကုန်